အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)
Women's League of Burma

## သတင်းထုတ်ပြန်ချက်

**၂၀၀၇ ခုနှစ် မတ်လ ၈ ရက်**

### အုပ်စုလိုက် မုဒိန်းပြုကျင့်ခံရသော ကျောင်းသူလေးများအား စစ်အစိုးရမှ ဖမ်းဆီးချုပ်နှောင်လိုက်ခြင်းသည် အာရှဒေသအတွက် အကြီးအကျယ် ရှက်ဖွယ်ရာ ဖြစ်သည်။

စစ်အစိုးရ၏စစ်သားများက အုပ်စုလိုက် မုဒိမ်းကျင့်ခဲ့သော ကချင်ကျောင်းသူ လေးဦးအား မကြာမီက ဖမ်းဆီးချုပ်နှောင်လိုက်ခြင်းသည် စက်ဆုတ်ဖွယ်ကောင်းစွာ တရားမျှတမှုကို ပျက်ရယ်ပြုလိုက်ခြင်းဖြစ်ပြီး မြန်မာနိုင်ငံမှ အဖွဲ့ဝင် အဖြစ် ပါဝင်ထားသော ဒေသဆိုင်ရာ အဖွဲ့အစည်းများ အားလုံးအား အရှက်ရစရာ ဖြစ်နေစေသည်။

လွန်ခဲ့သောလ အစောပိုင်းက ကချင်ပြည်နယ်မြောက်ပိုင်း ပူတာအိုရှိ ရွာတရွာမှ အသက် ၁၄နှစ်မှ ၁၆နှစ် ကြားရှိ မိန်းကလေး လေးယောက်ကို ဒေသခံ စစ်အစိုးရ၏စစ်တပ်မှ အရာရှိသုံးယောက်နှင့် စစ်သားလေးယောက်တို့က အုပ်စုလိုက် မုဒိမ်းကျင့်ခဲ့ကြသည်။ မိန်းကလေးငယ်များနှင့် ၎င်းတို့၏ မိဘများအား စစ်တပ်မှ နှုတ်ပိတ်ခပေးကာ ယင်းအဖြစ်အပျက်ကို ရဲ သို့မဟုတ် အခြား အာဏာပိုင်များအား တိုင်ကြားခြင်း မလုပ်ရန် အမိန့်ပေးခဲ့သည်။ လွတ်လပ်သော မြန်မာ့သတင်းဌာနများက ထိုအဖြစ်အပျက်ကို သတင်းထုတ်လွှင့်ခဲ့သည့် အတွက် ၎င်းမိန်းကလေးငယ်များအား စစ်အာဏာပိုင်များက ဖမ်းဆီး၍ ချုပ်နှောင်ခဲ့သည်။

၎င်းအဖြစ်အပျက်သည် မြန်မာနိုင်ငံတွင် စစ်အစိုးရ၏စစ်တပ်က လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ အစီအစဉ်ချ ဆက်လက် လုပ်ဆောင်နေကြောင်း ပိုမိုခိုင်မာစေသည့် သက်သေအထောက်အထားဖြစ်သည်။ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)က မြန်မာနိုင်ငံ အနှံ့တွင် အမျိုးသမီးများနှင့် မိန်းကလေးငယ်များအပေါ် စစ်အစိုးရ၏ ခွင့်လွှတ်မှုဖြင့် စစ်တပ်က လိင်ပိုင်းဆိုင်ရာ ရာဇဝတ်မှုများ ကျူးလွန်နေကြောင်း အကြိမ်ကြိမ်တင်ပြခဲ့ပြီး ဖြစ်သည်။ ထို့ပြင် စစ်အစိုးရ၏ အကြမ်းဖက်မှုများ ရပ်တန့်စေရေးအတွက် ဖိအားပေး အရေးယူ ဆောင်ရွက်ပေးကြပါရန် ဒေသဆိုင်ရာ အဖွဲ့အစည်းများ အပါအဝင် နိုင်ငံတကာအသိုင်းအဝိုင်းသို့ မေတ္တာရပ်ခံနေခဲ့သည်။

မြန်မာနိုင်ငံသည် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများ ရပ်တန့်ရေးနှင့် ပတ်သက်သော အာဆီယံဒေသဆိုင်ရာ သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးထားသော နိုင်ငံ ဖြစ်သည်။ ၎င်းစာချုပ်တွင် "ခါးစာခံဖြစ်နေသူများ (သို့မဟုတ်) အကြမ်းဖက်ခံခဲ့ရသူများကို ကာကွယ်ရန်၊ ကုစားရန်၊ ပြန်လည်နာလန်ထူလာစေရန်နှင့် ပြန်လည်ပေါင်းစည်းစေရန် ဆောင်ရွက်" သင့်ကြောင်း ပါရှိသည်။ စစ်အစိုးရသည် ဤသို့အုပ်စုလိုက် မုဒိန်းပြုကျင့်ခံရသော မိန်းကလေးငယ်များကို လူမဆန်စွာ ဖမ်းဆီးချုပ်နှောင်လိုက်ခြင်းအားဖြင့် အထက်ပါ သဘောတူညီစာချုပ်ကို လုံးဝ မထီမဲ့မြင်ပြုခြင်းဖြစ်ပြီး၊ အာဆီယံနှင့် ဒေသတခုလုံးအတွက် ရှက်ဖွယ်ရာ ဖြစ်ပေသည်။

ယနေ့ ကျရောက်သော နိုင်ငံတကာအမျိုးသမီးများနေ့ကို ကမ္ဘာအဝှမ်းရှိ အမျိုးသမီးများက အထိမ်းအမှတ်ပွဲများ ကျင်းပနေချိန်၌ အမျိုးသမီးများ အဖွဲ့ချုပ်(မြန်မာနိုင်ငံ) က မြန်မာနိုင်ငံတဝှမ်းလုံးတွင် စစ်အစိုးရမှ ခွင့်ပြုထားသော အမျိုးသမီးများနှင့် မိန်းကလေးများအပေါ် ကျူးလွန်နေသည့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများကို လူသိရှင်ကြား အပြစ်တင်ရှုံ့ချကြရန်နှင့် အာရှဒေသတွင်း နိုင်ငံများအား မျက်နှာပျက်စေသည့် စစ်အစိုးရအား ကူညီထောက်ပံ့နေမှုများကို ချက်ခြင်းရပ်ဆိုင်းရန် အာဆီယံနိုင်ငံများနှင့် မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများအား အထူးတိုက်တွန်း နှိုးဆော်လိုက်ပါသည်။

**ဆက်သွယ်ရန် – နန်းယဉ်** (အထွေထွေအတွင်းရေးမှူး) ဖုန်း – ၆၆ ၁ ၈၅၈၄၆၆၈

P.O Box 413 GPO Chiang Mai 50000 Thailand wlb@womenofburma.org www.womenofburma.org